


**The Opening Remark Delivered by General Saw Mutu Sae Poe**
**At Peace Process Steering Team's Extra-Ordinary Meeting**
**5 March 2019, Chiang Mai**
**---------------------------------------------------------------------------**

Good morning everyone. Today's extra-ordinary meeting has been called with the aims of discussing and negotiating on the process of implementation of NCA between PPST and Lahu Democratic Union and New Mon State Party. This meeting is also aimed to reevaluate perspectives and degrees of achievement of the ultimate goal set on the peace process. I would like to, firstly, express my gratitude and cordial welcome to leaders, delegations and all attending to this extra-ordinary meeting.

Despite my role at this meeting as a PPST chairman, the implications in my speech will reaffirm the political stands of KNU and RCSS that are placed upon the peace process. Therefore, I would like to urge every PPST member to pay your immersed attention in discussions and get digested on what is discussed. And I would like to emphasize my desire of reaching the common ground, through and after this meeting, among NCA signatories.

Track of implementation of NCA in the currently given political trend has strayed from that through which we originally intended to build this country as a union based on democracy and federal system guaranteeing full of national equality, self-determination, rights and guarantees.

It is crucial to redirect the track gone astray after logical deliberation of the whole course. If the current track appears to be an integral part of the change as it occurs, thorough negotiation and discussion among all parties must be done so as to digest the trend but without defying prescriptions in NCA.

In light of redirecting the track gone astray, an open letter involved (3) points to be discussed was sent to state counselor- Daw Aung San Suu Kyi- and commander in chief of Tatmadaw with the signatures of KNU chairman and RCSS chairman on 11 October, 2018. A discussion on this letter is encouraged to take place among us. From

the discussion common ground will be reached and subsequently consider for the ways forward.

Copies of the said letter have been already sent to every member of PPST that signed NCA. And I believe the leaders and delegations attending this meeting must have brought stands or regards of your organizations.

We, the KNU and RCSS, have perceived a positive and better move need to be made to proceed from the current status of stalled peace process. This is a reason why this extra-ordinary meeting was called, which will focus on thorough negotiation and discussion.

Discussions on evaluation of agreements reached upon under NCA text, track gone astray, current positions we have come far and practical circumstances have been held either collectively among all of us or at every single organization concerned.

As today's meeting is an extra-ordinary meeting, thorough discussions and negotiations must be done with the spirit of unity among us. Based on the collections from this meeting, a firm decision shall be made by concerning organization respectively.

We, the KNU and RCSS, have the following regard for future measures after considering current practical circumstances faced by PPST member organizations composed of diverse grounds. At this extra-ordinary meeting we, the KNU and RCSS, have a proposal for transforming into a meeting of negotiation where a common goal, after digesting the discussion and negotiation on the formation of PPST, can be jointly implemented.

In accordance with the proposal, KNU and RCSS have hereby informed everyone of proper replacement to make for our delegations of PPST meetings.
To conclude, I would like to encourage to make cooperation and collaboration for moving forward to achieve the goal of democracy and federalism. But this must be done by seeking common goal and recognizing unity in diversity which is the core essence of democracy.

## PPST အထူးအစည်းအဝေးတွင် PPST အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးမှ ပြောကြားသော နှုတ်ခွန်းဆက် အမှာစကား
## ၂၀၁၉ ခုနှစ်၊ မတ်လ (၅) ရက်၊ ချင်းမိုင်။

အားလုံးမင်္ဂလာပါ၊ ဒီနေ့ဟာ ကျွန်တော်တို့ PPST နဲ့ NCA အကောင်အထည် ဖော် ဘက်တွေ ဖြစ်တဲ့ မွန်ပြည်သစ်ပါတီ (NMSP) နဲ့ လားဟူဒီမိုကရက်တစ် အစည်း အရုံး (LDU) တို့အကြား NCA အကောင်အထည်ဖော်မှုဆိုင်ရာတွေ နဲ့ ပတ်သက်ပြီး အတူတကွ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြမယ့် အစည်းအဝေး တစ်ခု ဖြစ်သလို၊ ကျွန်တော်တို့ကြားမှာရှိနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပေါ် ထားရှိကြတဲ့ အမြင်တွေကိုလည်း မူလရည်မှန်းချက်ပန်းတိုင် ရောက် ရှိရေး ကြိုးပမ်းတဲ့နေရာမှာ ပြည့်မီ ခြင်းရှိ၊ မရှိ၊ ပြန်လည်သုံးသပ်ညှိနှိုင်းမှု ပြုလုပ်ဖို့ လိုအပ်တဲ့အတွက် ခေါ်ဆိုတဲ့ အထူး အစည်းအဝေးတစ်ရပ်လည်း ဖြစ်ပါတယ်။ အခုလို အထူးအစည်းအဝေးကို အား တက် သရော တက်ရောက် လာကြတဲ့ ခေါင်းဆောင်၊ ကိုယ်စားလှယ်များ အားလုံး ကို ကျေးဇူးတင်ကြောင်း၊ ဝမ်းမြောက်စွာကြိုဆိုကြောင်း ဦးစွာပြောကြားလိုပါတယ်။

ဒီကနေ့ ကျွန်တော့အနေနဲ့ PPST အဖွဲ့ခေါင်းဆောင်တစ်ဦးအဖြစ် အဖွင့် မိန့်ခွန်း ပြောကြား တာ ဖြစ်သော်လည်းပဲ ဒီမိန့်ခွန်းမှာပါဝင်တဲ့အချက်တွေဟာ KNU နဲ့ RCSS တို့ရဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ထားရှိတဲ့ အဖွဲ့အစည်း တွေရဲ့ ရပ်တည်မှုကိုထပ်မံအတည်ပြု ဖော်ပြတာ ဖြစ်တဲ့ အတွက် PPST အဖွဲ့ဝင်များအနေ နဲ့ လေးလေးနက်နက်စဉ်းစားပြီး အကြေအလည်ညှိနှိုင်း ဆွေးနွေးကြဖို့၊ NCA လက်မှတ် ရေးထိုးထားကြတဲ့ EAOs တွေအကြားမှာ ဒီအထူးအစည်း အဝေးကနေ ဘုံသဘောထားရယူဖို့ ဆန္ဒရှိတယ်ဆိုတာကို လည်း ပြောကြားလိုပါတယ်။

လက်ရှိနိုင်ငံရေးအခင်းအကျင်းအရရောက်ရှိနေတဲ့ NCA အကောင်အထည် ဖော်မှု လမ်းကြောင်းဟာ မူလက ကျွန်တော်တို့ရည်မှန်းထားတဲ့ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတွေ၊ အာမခံချက်တွေ အပြည့်အဝရှိပြီး ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စု ကို ရောက်ရှိစေမယ့် လမ်းကြောင်းကနေ သွေဖည်သွားပြီဖြစ်ပါတယ်။

ဒါကို ဓမ္မဓိဋ္ဌာန် ကျကျသုံးသပ်ပြီး ပြန်လည်တည့်မတ်ဖို့ အထူးလိုအပ်ပါတယ်။ တကယ်လို့ ဒီလို လမ်းကြောင်း အပြောင်းအလဲဖြစ်ဖို့လိုအပ်လာပြီဆိုရင်လည်း NCA ပေးထားချက်တွေနဲ့ သွေဖည်ခြင်း မရှိစေဘဲပါဝင်သူ အားလုံးအကြားမှာ အကြေ အလည် ညှိနှိုင်းဆွေးနွေးဖို့ လိုအပ်မှာ လည်းဖြစ်ပါတယ်။

ပြန်လည်တည့်မတ်ဖို့ရည်ရွယ်ချက်နဲ့ပဲ KNU နဲ့ RCSS ဥက္ကဋ္ဌ ၂ ဦးကနေ ဆွေးနွေး စရာအချက် (၃)ချက်ပါတဲ့ စာတစ်စောင်ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၁) နေ့မှာလက်မှတ်ရေး ထိုးခဲ့ပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်တဲ့ ဒေါ်အောင်ဆန်း စုကြည်နဲ့ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်တို့ဆီကို ပေးပို့ခဲ့ပါတယ်။ အဲ့ဒီ ပေးပို့ခဲ့တဲ့ စာပါ အကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော် တို့အကြားမှာ ဆွေးနွေး လိုပါတယ်။ အဲဒီအချက်တွေအပေါ်မှာ ဘုံ သဘောထားရယူပြီးရင်ဖြင့် ဘယ်လို ဆက် သွားကြမလဲဆိုတာကို ဆွေးနွေးရမှာ ဖြစ်ပါတယ်။

အဆိုပါစာကို NCA လက်မှတ်ရေးထိုးထားကြတဲ့ PPST အဖွဲ့ဝင်များဆီကိုလည်း ပေးပို့ထားပြီးပြီ ဖြစ်တဲ့အတွက် ဒီအစည်းအဝေးကို တက်ရောက်လာတဲ့ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ အနေနဲ့ သက်ဆိုင်ရာမိမိတို့ အဖွဲ့အစည်း သဘာထားများကို တပါတည်း ယူဆောင်လာကြပြီလို့ ယုံကြည်ပါတယ်။

လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ဆို့နေတဲ့အနေအထားကနေ အပေါင်း လက္ခဏာ ဆောင်ပြီး ပိုမိုကောင်းမွန်တဲ့ အရွေ့တစ်ခုကို ဖန်တီးနိုင်ဖို့ လိုအပ် နေတယ် လို့လည်း ကျွန်တော်တို့ KNU နဲ့ RCSS တို့ကရှုမြင်ပါတယ်။ ဒါကြောင့် လည်း ကျွန်တော်တို့အကြားမှာ အကြေအလည် ညှိနှိုင်း ဆွေးနွေးနိုင်မယ့် အထူး အစည်းအဝေး (Extra-ordinary Meeting) တစ်ရပ်လိုအပ်နေပြီဖြစ် လို့ အခုလို ခေါ်ယူတာဖြစ်ပါတယ်။

NCA အရ ရှိထားတဲ့ သဘောတူညီချက်များနဲ့ တိမ်းစောင်းသွားတဲ့ လမ်းကြောင်း တွေနဲ့အတူ ကျနော်တို့အားလုံး ယနေ့ရောက်ရှိနေတဲ့နေရာနဲ့ လက်တွေ့ ဖြစ်ပေါ် နေတဲ့ အခြေအနေ အားလုံး ကို ကျနော်တို့ စုပေါင်းပြီးတော့သော် လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုစီ အတွင်း မှာပါ အပြန်အလှန်အသေအချာ သုံးသပ်မှုတွေ လုပ်ခဲ့ကြပြီးဖြစ်ပါတယ်။

ဒီနေ့ခေါ်ယူတဲ့ အစည်းအဝေးဟာ အထူးအစည်းအဝေးဖြစ်သည်နှင့်အညီ ညီညွတ် မှု ကိုရှေ့ရှုပြီး အကြေအလည် ညှိနှိုင်းဆွေးနွေးကြရမှာဖြစ်ပါတယ်။ ဒီအစည်း အဝေးကရရှိတဲ့ စုစည်းချက် တွေကို အခြေခံပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများ ကသာ ဆုံးဖြတ်ချက်ချရမှာဖြစ်ပါတယ်။

KNU နဲ့ RCSS တို့အနေနဲ့ကတော့ မတူကွဲပြားခြားနားမှုအပေါ်အခြေခံ ဖွဲ့စည်း ထားတဲ့ PPST အဖွဲ့ဝင် အဖွဲ့အစည်းများရဲ့အခြေအနေမှန်ကို သုံးသပ်ပြီး၊ ရှေ့ဆက် လုပ်ဆောင်မှုများနဲ့ ပတ်သက် လို့ ဒီလိုသဘောထားရှိပါတယ်။ ကျွန်တော်တို့ ၂ ဖွဲ့ အနေနဲ့ PPST စုဖွဲ့မှုကို အကြေအလည် ညှိနှိုင်းဆွေးနွေးပြီး ရည်မှန်းချက် တူညီရာကို အတူတကွ ပူးတွဲအကောင်အထည်ဖော်နိုင်တဲ့ ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေးအဖြစ်သို့ အသွင်ပြောင်းလိုတဲ့ကိစ္စကိုလည်း ဒီအထူးအစည်း အဝေးမှာ အဆိုပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒါကြောင့် ဒီအဆိုပြုချက်အတိုင်း KNU နှင့် RCSS တို့အနေနဲ့ကတော့ PPST အစည်းအဝေးနဲ့ ပတ်သက်ပြီး လိုက်လျောညီထွေဖြစ်စေမယ့် သင့်တော်တဲ့ ကိုယ်စားလှယ် လွှဲပြောင်းမှုတွေကိုလည်း ပြုလုပ်သွားမှာ ဖြစ်ပါတယ် ဆိုတဲ့ အကြောင်းကိုလည်း အသိပေးအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဒီမိုကရေစီရဲ့အနှစ်သာရဖြစ်တဲ့ မတူကွဲပြားမှုကိုအသိအမှတ်ပြုပြီး ညီညွတ်မှု တည်ဆောက်ခြင်းအခြေခံကနေတဆင့် ဘုံရည်မှန်းချက်ကို ရှာဖွေ ပြီးတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပန်းတိုင်ကို အရောက်ချီတက်နိုင်မယ့် ပူးပေါင်း ဆောင်ရွက်မှုမျိုးကို တည်ဆောက် ကြပါစို့လို့ တိုက်တွန်း ရင်းနိဂုံးချုပ်ပါတယ်။"